


## ဘာသာရပ်ဆိုင်ရာ မျှော်မှန်းချက်များ

ကျောင်းသားများသည် အထက်တန်းဘွဲ့ ယူရန် အထက်တန်းအဆင့် သိပ္ပံ ၃ခရက်ဒစ်အပါအဝင် စုစုပေါင်း ၂၂ ခရက်ဒစ်ရယူရမည်။ တစ်ဘာသာမှာ Physical Setting (ပြည်နယ်အဆင့် ကမ္ဘာမြေသိပ္ပံ ဓါတုဗေဒ သို့ မဟုတ် ရူပဗေဒ) နှင့် တစ်ဘာသာမှာ Living Environment (ပြည်နယ်အဆင့် ဇီဝဗေဒ)ဖြစ်ရမည်။ တတိယတစ်ဘာမှာ ဇီဝသိပ္ပံ ရူပသိပ္ပံ သို့ မဟုတ် စိတ်ကြိုက်တစ်ဘာသာဖြစ်ရမည်။ ထပ်တိုးဘာသာရပ်များမလိုအပ်သော်လည်း ထို ဘာသာရပ်များကိုယူရန် အခိုင်အမာတိုက်တွန်းပါသည်။ သင်ယူနိုင်သည့်ဘာသာရပ်များ (AP) အဆင့်မြင့်ဘာ သာရပ်များနှင့်ပါတ်သက်၍အတိအကျသိလိုသောမေးခွန်းများရှိပါက ကျေးဇူးပြု၍ မိမိကျောင်းအကြံပေးနှင့်တွေ့ ဆုံပါ။

ပြည်နယ်ကောလိပ်အဆင့် သိပ္ပံဘာသာရပ်များယူသည့်ကျောင်းသားများသည် ပြည်နယ် သိပ္ပံစာမေးပွဲများနှင့် ကိုက်ညီမှုရှိစေရန် ပြည်နယ်မှသတ်မှတ်ထားသည့် လက်တွေ့ (ဓါတ်ခွဲခန်း)လိုအပ်ချက်များကို အောင်မြင်စွာပြီး ဆုံးပြီးဖြစ်ရမည်။ ဤအရာတွင် ကျေနပ်လောက် သည့်ဓါတ်ခွဲခန်းမှတ်တမ်းတင်မှုများ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ ဓါတ်ခွဲခန်းစမ်းသပ်မှုများ မိနစ် ၁၂၀၀စာလဲပါဝင်သည်။

အဓိကဘာသာရပ်များကို အောင်မြင်စွာမပြီးဆုံးသည့်ကျောင်းသားများသည် လိုအပ်သည့်ခရက်ဒစ်ပြည့်မှီရန် ခ ရက်ဒစ်အစားထိုးအစဉ်စဉ်များတွင်ပါဝင်ရမည်။ ကျောင်းသားလိုအပ်သည့်ဘာသာရပ်ပေါ် မူတည်၍ အစားထိုး ခ ရက်ဒစ်အတန်းကို အွန်လိုင်း နွေရာသီအတန်း သို့ မဟုတ် စာသင်နှစ်အတွင်းအစီစဉ်တွင်တက်ရောက်နိုင်ပါသ သည်။

သိပ္ပံဘာသာရပ်အားလုံးတွင် ကျောင်းသားများမှ

- မေးခွန်းများမေးရန် အဖြေများရှာရန် ဖြေရှင်းနည်းဖြစ်ပေါ်လာစေရန် အင်ဂျင်နီယာဒီဇိုင်း သိပ္ပံနည်းကျ ဆုံစမ်းမှုနှင့် သချာ်နည်းကျခွဲခြမ်းစိတ်ဖြာမှုများအသုံးပြုမည်။
- (ဥပမာ-ဇယားများ အကွက်များ ပုံများ ကွန်ချာများ) လေ့လာတွေ့ ရှိချက်များကို စုစည်း တင်ဆက်ရ မည်။ လက်တွေ့ ရလဒ်နှင့် အနုမာနမှန်းဆချက်မှ ကြိုတင်ခန့် မှန်းရလဒ်တို့ ကို နှိုင်းယှဉ်ရန် အချက် လက်များကိုစုစည်း ပုံဖေါ်ရမည် ထို့ နောက် ကြိုတင်ခန့် မှန်းချက်ကိုအခြေခံထားသည့် ရှင်းလင်း ချက်တွင် ရလဒ်ကိုထောက်ပံ့သည့် အထောက်ထားရှိမရှိနှင့်အဆုံးသတ်ရမည်။
- သက်ရှိပါတ်ဝန်းကျင်နှင့် ရုပ်ပိုင်းဆိုင်ရာကဏ္ဍတွင် သိပ္ပံနည်းကျ သီအိုရီများ သဘောတရားများ အ ချက်လက်များကို နားလည်ပြီး လက်တွေ့ အသုံးချတတ်ရမည်။ သပ္ပံပညာတွင် သမိုင်းတစ်လျှောက် အတွေးခေါ်များဖွံ့ ဖြိုးတိုးတက်လာပုံကိုလည်း သဘောပေါက်ရမည်။

BIOLOGY (LIVING ENVIRONMENT) (၁ သင်ရိုးခရက်ဒစ်)

ဤဘာသာသင်ရိုးအပြီးတွင် ပြည်နယ်စာမေးပွဲဖြေဆိုခွင့်ကမ်းလှမ်းထားပါသည်။ ဇီဝဗေဒတွင် ကျောင်းသားများ သည်-

- သက်ရှိများ၏တူညီမှု/မတူညီမှု သက်မဲ့များနှင့် တူညီမှု/မတူညီမှုများကို နားလည်လာမည်
- မိဘများနှင့်သားသမီးများကြား ပုံသဏ္ဍာန်နှင့်လုပ်ဆောင်ပုံများတူညီစေသည့် မျိုးဗီဇအချက်လက်များ ကိုလေ့လာရမည်
- အချိန်ကြာသည်နှင့်အမျှ မျိုးစိတ်များနှင့် မျိုးဗီဇတစ်ခုခြင်းဆီ၏ပြောင်းလဲပုံကိုလေ့လာစူးစမ်းရမည်
- မျိုးပွားခြင်းနှင့်ဖွံ့ ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် ဇီဝဆက်လက်ရှင်သန်ပုံကို လေ့လာခွဲခြမ်းရမည်။
- အသက်ရှင်ရပ်တည်ရေးကိုထောက်ပံ့သည့် အင်အားထိန်းညှိမှုကို မျိုးဗီဇမှ ထိန်းညှိထားသည်ကို နား လည်လာမည်
- တိရိစ္ဆာန် အပင်နှင့် ပါတ်ဝန်းကျင်များ အပြန်အလှန်အမှီသဟဲပြုနေသည်ကို စစ်ဆေးရမည်
- သက်ရှိပါတ်ဝန်းကျင်အပေါ် လူသား၏လုပ်ဆောင်မှုများမှ သိသိသာသာအကျိုးသက်ရောက်မှုအ အဆက်အစပ်များကို စောင့်ကြည့်လေ့လာရမည်

# သိပ္ပံ ၉-၁၂

**အထက်တန်းဘွဲ့ ယူရန်အတွက် ကျောင်းသားများသည် ပြည်နယ်သိပ္ပံစာမေးပွဲအောင်မြင်ရမည်။** အောက်ပါ ပြည်နယ်စာမေးပွဲများကမ်းလှမ်းထားပါသည်။

- Physical Setting: Earth Science
- Physical Setting: Chemistry
- Physical Setting: Physics
- Living Environment: Biology

အထက်တန်းကျောင်းသားများသည် ၎င်းတို့ သိပ္ပံစံနှုန်း များအပေါ် နားလည်မှုကိုတိုင်းတာရန် တိုးတက်မှုစစ် ဆေးသည့် စာမေးပွဲများကိုလည်းဖြေဆိုရမည်။

Advanced Designation နှင့် Regents ဒီပလိုမာရလို သည့်ကျောင်းသားများသည်ပြည်နယ်စာမေးပွဲ ၈ခုကို အမှတ် ၆၅ သို့မဟုတ် အထက်နှင့်အောင်ရမည်။ စာ မေးပွဲ ၈ခုထဲမှ ၁ခုသည် Life science ဖြစ်ရမည်ဖြစ်ပြီး နောက်တစ်ခုမှ physical science ဖြစ်ရမည်။ ထို့ အ ပြင် အပိုခရက်ဒစ်၂ခုကိုထပ်ရွေးရမည်။ အင်္ဂလိပ်စာမှအပအခြားဘာသာစကားများ(LOTE)နှင့် နယ်မြေအတွင်းပြုပြင်ထားသည့် Checkpoint B LOT စာမေးပွဲ (သို့ မဟုတ်) ဝိဇ္ဇာတွဲမှ ၅ယူနစ် သို့ မ ဟုတ် နည်းပညာနှင့်အသက်မွေးဝမ်းကြောင်းပညာ ရေး (CTE)တို့ ဖြစ်သည်။

ဂုဏ်ထူးဆောင်များ ကျောင်းပြောင်းကျောင်းသားများ သို့ မဟုတ် အခြားနည်းလမ်းများအတွက် ကျောင်းအ ကြံပေးများမှ အခြားရွေးချယ်လို့ ရသည့်နည်းလမ်း များနှင့် ပိုမိုရှင်းလင်းသည့်အချက်များ ထောက်ပံ့နိုင်ပါ သည်။



**ညွှန်ကြားရေးရုံး**
**ဘဖလိုးအစိုးရကျောင်းများ**

# သိပ္ပံ ၉-၁၂



မိဘများအတွက် လုပ်ဆောင်ရန် အရိပ်အမြွက်

ပုံမှန်အိပ်ချိန်ဖြင့်အိပ်စက်ခြင်းသည်လူငယ်များအတွက် အကျိုးရှိပါသည်။

အိမ်စာလုပ်ရန်နေရာ သီးသန့်ထားပါ။ အိမ်စာတင်ရန်အချိန်မကျသေးရင်တောင် ကျောင်းသားများသည်အိမ်စာကိုနေ့စဉ်လုပ်သင့်သည်။ အတန်းတွင် မှတ်စုများကိုပြန်လည်သုံးသပ် သို့မဟုတ် ဖတ်စာအုပ်များ ဖတ်သင့်သည်။

ကျောင်းပျက်ထားပါက မမီလိုက်သည့်အိမ်စာများလုပ်ရန် ကျောင်းသားများကို စောင့်ကြည့်ခိုင်းစေပါ။ သူတို့အကူညီတောင်းလို့ရနိုင်မည့် အတန်းဖော်ရှိပါသလား? ဆရာ (များ)နဲ့ ချိန်းဖို့ လုပ်ထားသလား? လွဲသွားတဲ့ လက်တွေ့ ဓါတ်ခွဲခန်းအချိန် လိုအပ်ချက်နာရီတွေအတွက် အစားထိုးလုပ်ပြီးပီလား?

သမီးမိန်းကလေးမို့ ချန်မထားပါနင့်။ ယောကျာ်းလေး မိန်းကလေးနှစ်ဦးစလုံးကို သိပ္ပံ နည်းပညာနဲ့ အင်ဂျင်နီယာအသက်မွေးဝမ်းကြောင်းတွေလိုက်ဖို့ ကိုအားပေးပါ။ ကျော်ကြားသည့် အမျိုးသား အမျိုးသမီးသိပ္ပံပညာရှင်များအကြောင်းဖတ်ပါ။

BPS Parent Portal မှတစ်ဆင့် မိမိကျောင်းသား၏ အဆင့်နှင့် ကျောင်းခေါ်ချိန်များကို စောင့်ကြည့်ပါ။

ကျောင်းသား စည်းစံနစ်တကျရှိပါစေ။ အွန်လိုင်းသို့မဟုတ် စာအုပ်ဖြင့် မှတ်စုလိုက်သလားကြည့်ပါ။ စံနစ်တစ်ခုတော့ရှိဖို့ လိုသည်။

သိပ္ပံပညာတွင် စမ်းသပ်မှုနှင့်အမှားများပါဝင်သည်ကိုသတိရပါ။ "ကျနော်အကြိမ်တစ်သောင်းရှုံးနိမ့်ခဲ့တာမဟုတ်ပါဘူး.. ဒီအကြိမ်တစ်သောင်းအလုပ်မဖြစ်ဘူးဆိုတာ သက်သေပြခဲ့တာပဲ"ဟု သောမတ်စ်အက်ဒီဆင်ပြောခဲ့သလိုပါပဲ။

EARTH SCIENCE (၁သင်ရိုးခရက်ဒစ်)

ဤသင်ရိုးအပြီးတွင် ပြည်နယ်စာမေးပွဲဖြေဆိုခွင့်ကမ်းလှမ်းထားပါသည်။ ကမ္ဘာမြေသိပ္ပံတွင် ကျောင်းသားသည်-

- နိုင်ငံရေအမြင်နှင့်လှုပ်ရှားမှုအခြေခံစည်းမျဉ်းများဖြင့် အာကာသနှင့်ကမ္ဘာမြေအခြေခံသဘောတရားများ ဖော်ပြနိုင်သည်ကိုနားလည်လာမည်
- ကမ္ဘာမြေပေါ်တွင် ကျွန်ုပ်တို့ လေ့လာသည့် အခြေခံသဘောတရားများစွာမှာ မြေ ရေ လေ အစိတ်အပိုင်းတို့၏အပြန်အလှန်ဆက်သွယ်တုံ့ပြန်မှုတို့ ပါဝင်ကြောင်း ဖော်ပြနိုင်မည်
- ဒြပ်ထုများသည် အမှုန်များဖြင့်ဖွဲ့စည်းထားပြီး ၎င်းတို့ဂုဏ်သတ္တိများသည် ဒြပ်ထု၏လက္ခဏာများနှင့် ၎င်း၏တုံ့ပြန်ပုံတို့ ကို လေ့လာစောင့်ကြည့်နိုင်စေသည်
- မိုးလေဝသ ရာသီဥတု နက္ခဗေဒနှင့် ဘူမိဗေဒနှင့်ဆက်စပ်သည့် လက်တွေ့စမ်းသပ်ချက်များဆောင်ရွက်ရမည်။

CHEMESTRY (၁ သင်ရိုးခရက်ဒစ်)

ဤသင်ရိုးအပြီးတွင် ပြည်နယ်စာမေးပွဲဖြေဆိုခွင့်ကမ်းလှမ်းထားပါသည်။ ဓါတုဗေဒတွင် ကျောင်းသားသည်-

- စွမ်းအင်သိုလှောင်ပုံ ပုသဏ္ဍာန်ပြောင်းလဲပုံ စသည်ကဲ့သို့ စွမ်းအင်ပုံစံများ၏တည်ရှိပုံကိုဖော်ပြနိုင်မည်
- လှုပ်ရှားမှုအပြောင်းအလဲ တွန်းအားများမှတဆင့် စွမ်းအင်နှင့်ဒြပ်ထုများအပြန်လှန်တန်ပြန်ပုံကိုခွဲခြမ်းလေ့လာရမည်
- နူးကလီးယားဓါတုဗေဒ ဆားများ အခြေများ အက်ဆစ်များ အောက်ဆီဂျင်လျှော့ချခြင်း သဘာဂဓါတုဗေဒ အရွေ့စွမ်းအင်/ဟန်ချက် ဒြပ်ထုတို့၏ အပြုအမူ ဓါတုပစ္စည်းများပေါင်းစပ်ခြင်း moles/stoichiometry ဒြပ်စဉ်ဇယား အက်တန်သဘောတရားများအကြောင်း လက်တွေ့စမ်းသပ်မှုမှ သဘောတရားများကိုနားလည်လာစေမည်

PHYSICS (၁ သင်ရိုးခရက်ဒစ်)

ဤသင်ရိုးအပြီးတွင် ပြည်နယ်စာမေးပွဲဖြေဆိုခွင့်ကမ်းလှမ်းထားပါသည်။ ရူပဗေဒတွင် ကျောင်းသားသည်-

- စွမ်းအင်ပုံစံအမျိုးမျိုး၏ ကူးပြောင်းပုံကို လေ့လာဖော်ပြရမည်
- ဥပမာ- နျူကလီးယားအမှုန်များ အီလက်ထရွန် မော်လီကျူး စသည်တို့ကိုထုတ်လွှတ်သော တုန်ခါစေသည့်အရင်းမြစ်များပေါ်မူတည်၍ ကြိမ်နှုန်းနှင့်လှိုင်းအလျားများမတူညီမှုကို ရှင်းပြမည်
- (ဥပမာ- အီနားရှား အရှိန် အလျားလိုက်နှင့် အဝိုင်းလိုက်လှုပ်ရှားမှု အလျင် စသည်ကဲ့သို့ ) အရာဝတ္ထုများ၏ရွေ့လျားမှုပုံသဏ္ဍာန်အမျိုးမျိုး ကို ကြိုတင်ခန့်မှန်းခြင်းနှင့် ရှင်းပြခြင်း
- အက်တန်အတွင်းမှနျူကလိယပ်နှင့် နျူးကလိယပ်အပြင်ဖက်မှ စွမ်းအင်များဆက်စပ်မှု ကိုနှိုင်းယှဉ်ခြင်း
- ပုံစံများအပြောင်းအလဲ ဟန်ချက်နဲ့တည်ငြိမ်မှု စွမ်းအင်အဖြေရှာပုံ စကေးနှင့်အတိုင်းအတာများ ပုံစံများ တွေးခေါ်ပုံများ စနစ်များ၏ယေဘူယျသဘောတရားများနှင့်ဆက်စပ်ပုံများကိုနားလည်လာမည်
- အခြေအနေများကိုခွဲခြားလေ့လာပြီး စက်များ ခေတ်ပေါ်ရူပဗေဒများ လှိုင်းများ သံလိုက်များ လျှပ်စစ်များ စွမ်းအင်များနှင့်ဆက်စပ်နေသည့် လုပ်ဆောင်မှုစွမ်းရည်များကိုအသုံးပြု၍ ပြဿနာများကိုအဖြေရှာမည်

ENVIRONMENTAL SCIENCE (၁ သင်ရိုးခရက်ဒစ်)

သဘာဂပါတ်ဝန်းကျင်သိပ္ပံတွင် ကျောင်းသားများသည်-

- သဘာဂပါတ်ဝန်းကျင်ဆိုသည်မှာ လူသားနှင့်ကမ္ဘာကြားမှ ရှုပ်ထွေးလှသည့်ပင်ကူအိမ်ဆက်ဆံရေးဆိုသည်ကိုလေ့လာရမည်
- သိပ္ပံပညာနှင့်ဆက်စပ်နယ်ပယ်ပညာရပ်များအဖြစ် သဘာဂသိပ္ပံကိုစူးစမ်းလေ့လာရမည်
- လူသား၏သဘာဂပါတ်ဝန်းကျင်ပေါ်အကျိုးသက်ရောက်ပုံနှင့် လူဦးရေမှအရင်းမြစ်များကိုစားသုံးပုံ လေ့လာရမည်
- သဘာဂဖြစ်ရပ်များကိုရှင်းလင်းရန် သိပ္ပံပညာရှင်များမှ မည်သို့တွက်ချက်မည်သည့်မော်ဒယ်ပုံစံများအသုံးပြုပုံနှင့် သိပ္ပံနည်းကျစံနစ်များကို သုံးသပ်လေ့လာရမည်
- ဆုံးဖြတ်ချက်-ချမှတ်ခြင်း ပုံစံကိုအသုံးပြုရမည်။ လက်တွေ့ကမ္ဘာနှင့်မှန်းဆချက်များအပေါ်အသုံးပြုရမည်

ANATOMY AND PHYSIOLOGY (၁သင်ရိုးခရက်ဒစ်)

ခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒတွင် ကျောင်းသားများသည်-

- ခန္ဓာကိုယ် ဓါတုဗေဒမှမျိုးဗီဇအဆင့်သို့ မည်သို့ဖွဲ့စည်းပုံအပါအဝင် ခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒအခြေခံသဘောတရားများကိုလေ့လာရမည်
- မတူညီသည့်ဖွဲ့စည်းပုံအဆင့်များတွင် ခန္ဓာကိုယ်ပုံသဏ္ဍာန်များနှင့်လုပ်ဆောင်ပုံများအားရှင်းလင်းဖော်ပြ
- ခန္ဓာကိုယ်အစိတ်အပိုင်းများပုံစံများကိုဖော်ပြရန် ခန္ဓာဗေဒဝေါဟာရများကိုလေ့လာရမည်
- အာရုံကြောစံနစ်အပြန်လှန်ဆက်သွယ်လုပ်ဆောင်ပုံ ကြွက်သားများ လူ့အရိုးဖွဲ့စည်းပုံ သေးငယ်သည့်တစ်ရှူးပုံစံများ ဖွဲ့စည်းပုံနှင့်လုပ်ဆောင်ပုံများနှင့် တစ်ရှူးဘာသာရပ်များကိုလေ့လာရမည်

**ရရှိနိုင်သည့်အဆိုဘာသာရပ်များတွင် AP ENVIRONMENTAL SCIENCE, AP BIOLOGY နှင့် AP PHYSIS တို့ဖြစ် သည်။**